- "အသင်တို့၏ အိပ်မက်များသည် နောက်ဆုံးခုနစ်ညတွင်
တညီတညွတ်တည်း ဖြစ်နေသည်ကို ငါကိုယ်‌တော်တွေ့မြင်ရသည်။
ထို့ကြောင့် မည်သူမဆို ကဒရ်ညမြတ်ကို ရှာဖွေလိုပါက
နောက်ဆုံးခုနစ်ညတွင် ရှာဖွေပါ။
အိဗ်နုအုမရ်(ရဿွိယလ္လာဟုအန်ဟုမာ) က ဆင့်ပြန်ခဲ့သည်။
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ အချို့‌ဆွဟာဗဟ်သာဝကများသည် အိပ်မက် ၌
ကဒရ်မြတ်သည် ရမဿွာန်လ၏ နောက်ဆုံးခုနစ်ညတွင် ရှိသည်ဟု ပြသခြင်းခံရသည်။ ထိုအခါ
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က
မိန့်ကြားတော်မူသည် - "အသင်တို့၏ အိပ်မက်များသည် နောက်ဆုံးခုနစ်ညတွင်
တညီတညွတ်တည်း ဖြစ်နေသည်ကို ငါကိုယ်‌တော်တွေ့မြင်ရသည်။ ထို့ကြောင့် မည်သူမဆို
ကဒရ်ညမြတ်ကို ရှာဖွေလိုပါက နောက်ဆုံးခုနစ်ညတွင် ရှာဖွေပါ။"
[صحيح] [متفق عليه]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ အချို့ဆွဟာဗဟ်သာဝကများက ကဒရ်ညမြတ်သည်
ရမဿွာန်လ၏ နောက်ဆုံးခုနစ်ညတွင် ရှိသည် ဟု အိပ်မက်၌ မြင်တွေ့ခဲ့ကြသည်။ ထိုအခါ
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိန့်ကြားတော်မူသည် - သင်တို့အားလုံး၏
အိပ်မက်များသည် ရမဿွာန်လ၏ နောက်ဆုံးခုနစ်ညနှင့် ပတ်သက်၍ တညီတညွတ်တည်း ဖြစ်နေသည်ကို
ငါကိုယ်တော်တွေ့မြင်ရသည်။ ထို့ကြောင့်မည်သူမဆို ဤညကို ရှာဖွေလိုသောဆန္ဒရှိပါက၊
ထိုသူသည် ကောင်းမှု မမြောက်အများ ပြုလုပ်ခြင်းအားဖြင့် ဤညကို ရှာဖွေရန်
ကြိုးစားပါလေ။ အကြောင်းမှာ ကဒရ်ညမြတ်သည် နောက်ဆုံးခုနစ်ညတွင် ဖြစ်နိုင်ခြေ
ပိုများသောကြောင့်ဖြစ်သည်။ နောက်ဆုံးခုနစ်ညဆိုသည်မှာ ရမဿွာန်လတွင် ရက်ပေါင်း ၃၀
ရှိပါက ၂၄ ညမှ စတင်ကာ၊ ရက်ပေါင်း ၂၉ ရက် ရှိပါက ၂၃ ညမှ စတင်သည်။
https://sunnah.global/hadeeth/my/show/4545